# ကမ်းရှာငှက်များ

(၁)

၂၀၀၅ခုနှစ်၊ ဧပြီလ လလယ်ပိုင်းမှာ ကျွန်တော်ဟာ'ဒဂုံမန်း' အထူးအမြန်အဆန်ရထားပေါ်ရောက်နေတယ်။ တကျွီကျွီတဂျိမ်းဂျိမ်း သံကိုသံချင်းပွတ်တိုက်သံတွေက အသံအားလုံးကိုသိမ်းပိုက်ထားတယ်။ ည ကလည်းအလင်းမှန်သမျှကို ဖယ်ရှားမင်းမူလို့။

အလင်းဘယ်မှာလဲ။ ဘယ်မှာအလင်းရှိလဲ။

ညရထားတစ်စင်းပေါ်ကနေ အလင်းကိုလိုက်ရှာရတာ ဘယ်လောက်ခက်လဲ။ သိလား။ သွားနေတဲ့ရထားပေါ်က ဆင်းရှာလို့ကလည်း မဖြစ်။ မြင်ခွင့်ရတဲ့ ပြတင်းပေါင်က ကျဉ်းကျဉ်း။ ဟိုး . . . ဝေးဝေးက မီးပျပျကိုတော့ မြင်ချိန် နည်းနည်းရပေရဲ့။ ကိုယ်နဲ့အနီးဆုံးရောက်နေတဲ့ အလင်းတွေကတော့ဖြင့် ရိပ်ခနဲရိပ်ခနဲ ခဏလေးနဲ့ဖြတ်ကျော်သွားပြန်ရော။

ကိုယ်က အလင်းတွေကို ကျော်ဖြတ်သွားတာလား။ အလင်းတွေက ကိုယ့်ကိုကျော်ဖြတ်သွားတာလား။ အခြေအနေ နှစ်ခုစလုံး တစ်ပြိုင်နက်ဖြစ်တည်နေတာလား။

ငယ်ငယ်က ပိုးစုန်းကြူးတွေကို ဖမ်းဖမ်းပြီး၊ ပုလင်းထဲထည့် ကစားခဲ့တာသတိရမိတယ်။ ကလေးဘဝက အလင်းဖမ်းပွဲပေ့ါ။ တကယ်တမ်းတော့ အလင်းဆိုတာက ဖမ်းထား၊ ချုပ်နှောင်ထား၊ သိမ်းဆည်းထားလို့ရတဲ့ အမျိုးမှမဟုတ်တာ။ သူရှိရာ (အလင်းရောင်ရှိရာ) ကို ရောက်အောင်သွားနိုင်မှတွေ့ရမှာ။ အဲတော့မှ သူ့လွှမ်းခြုံမှုအောက်မှာ ကြည်ကြည်လင်လင်ရှင်းရှင်းလင်းလင်း နေထိုင်ခွင့်ရမှာ။

ရထားထိုင်ခုံက မရပ်မနားလှုပ်နေတယ်။

သံချင်းပွတ်တိုက်သံတွေက ဆွဲလှုပ်နေတာလား။

အမှောင်တွေကပဲ ဆွဲခါနေတာလား။

ရထားကြီးကတော့ မှောင်ကြီးမည်းမည်းထဲမှာပဲ မန္တလေးမြို့ ရှိရာကို ရှူးရှူးရဲရဲအသံတွေပေးပြီး အမောတကော ဆန်တက်နေလေရဲ့။

ကျွန်တော်ရ, ထားတဲ့ထိုင်ခုံက ဒီရထားတစ်စီးလုံးထဲမှာ သက်တောင့်သက်သာအရှိဆုံးထိုင်ခုံများထဲက တစ်လုံးပေ့ါ။ စာဖတ်ဖို့ အိပ်ထဲက မျက်မှန်ထုတ်လိုက်တယ်။ ရထားကြီးက လှုပ်ကောင်းတုန်း။ အသံတွေက ဝတ္တရားမပျက်ဆူညံလျက်။ အမှောင်တွေကသာ မဆုံးနိုင် မခမ်းနိုင်သည်းသည်းဖွဲဖွဲပြိုကျလို့။

ထိုင်ခုံနောက်မှီကို လှန်ချလိုက်တယ်။ ပြတင်းပေါက်ကနေ အမှောင်ထဲကို လှမ်းကြည့်လိုက်တော့ အဲဒီအမှောင်ကြီးထဲမှာပဲ မန္တလေးကို ဆန်တက်နေတဲ့ နောက်ထပ်ရထားတစ်စီးတွေ့လိုက်တယ်။ အဲဒီ ဟိုဘက်ရထားရဲ့ရှိုးရှိုးတန်းတွဲနောက်ဆုံးနားက နံနံစော်စော် ထောင့်ထိုင်ခုံလေးမှာထိုင်နေတဲ့ ကျွန်တော့်ကိုတွေ့ရတယ်။ ဒီဘက်ရထား အထူးတန်း တွဲမှာထိုင်နေတဲ့ ကျွန်တော့်ထက် အနှစ်နှစ်ဆယ်ကျော် အသက်ပိုငယ်တယ်။ မျက်စိမှုန်နေပြီဖြစ်တဲ့ ဒီဘက်ရထားထဲက ကျွန်တော်(အကြီး) က၊ မျက်နှာကျောတင်းတင်းနဲ့ ငြိမ်ငြိမ်သက်သက်ထိုင်နေတဲ့ ဟိုဘက် ရထားပေါ်က ကျွန်တော်(အငယ်)ကို လှမ်းကြည့်တယ်။

ကျွန်တော်(အငယ်)ဟာ၊ အဖေအို၊ မွေးကင်းစသမီးနဲ့ သူ့ရင်ထဲကဇနီးအပါအဝင် သူတစ်သက်တာမှီတင်းနေထိုင် ခဲ့ရာ မိသားစုနဲ့ အိုးအိမ်ကိုစွန့်ခွာခဲ့ပြီး၊ အဲဒီရထားကြီးပေါ်မှာထိုင်လို့ခရီးထွက်နေတယ်။ သူဘယ်သွားနေတာလဲ။စီးပွားရှာဖို့၊ ပညာရှာဖို့၊ အခွင့်အလမ်းရှာဖို့၊ ဒါမှမဟုတ် သူယုံကြည်ရာ တစ်စုံတစ်ရာကိုရှာဖို့ သွားနေတာနေမှာ။ ဟိုတုန်းကတော့ ''ကြိုးကြာငှက်တို့ရဲ့ မိုင်ထောင်ချီခရီးစဉ်''ဆိုတဲ့ အားမာန်ဖွဲ့သီချင်းမပေါ်သေးတော့၊ သူ့ခမျာ ''နှုတ်ဆက်ခဲ့ပါတယ်၊ ကျွန်တော်သွားတော့မယ်၊ လမ်းရဲ့ခေါ်ဆောင်ရာ၊ ဟို . . . အဝေးကို၊ အဝေးကို၊ လွမ်းတတ်ရင်လည်းလမ်းမှာပဲ လွမ်းတော့မယ်'' သီချင်းကိုပဲ အံတင်းတင်းကြိတ်လို့ ဆိုနေရရှာတယ်။

လူ့ဘဝဇာတ်ခုံကြီးမှာ သွားသူသွား၊ ကျန်သူကျန်နဲ့ မတူတဲ့ ဇာတ်လမ်းပေါင်းများစွာ အဆက်မပြတ် က,ပြနေကြဆဲ။ သံလမ်းနဲ့ ရထားကတော့ အိန္ဒြေမပျက် သူ့တာဝန်တွေကို ပုံမှန်ထမ်းဆောင်လျက် ပါပဲ။

သံလမ်းကြီးက သူ့ခါးလျားရှည်ကြီးကို ရန်ကုန်နဲ့မန္တလေးကြား အလျားလိုက်ဆန့်ခင်းလို့။ အပြင်းဆန့်လို့၊ ချောင်းဟန့်လို့။ ရထားကြီး ကလည်း သူ့ခွန်အားရှိသရွေ့ သံလမ်းပေါ်မှာ ရှူးရှူးရှဲရှဲပြေးလွှားလို့။ အမှောင်တွေကလည်းပိန်းပိတ်၊ အလင်းစက်တွေက အငြိမ်မနေရွေ့လျား။ ဘူတာစဉ်မှာ ရှိသမျှဈေးသည်တွေရဲ့ ပါးစပ်ကလည်း ဈေးခေါ်သံတွေ အဆက်မပြတ်ထွက်ကျ။ သဘာဝတရားကြီးကလည်း သူ့အလုပ်သူ ဆက်လုပ်၊ ခံစားမှုထဲကို အရုပ်တွေအသံတွေဇွတ်ဝင်လာ၊ အံသွား ကြိတ်သံတဂျစ်ဂျစ်၊ အပြစ်မဲ့ကလေးရဲ့ ရယ်သံခိုးခိုးခစ်ခစ်၊ ရှိုက်သံဆိုတာ အလွမ်းဖွဲ့သင်္ကေတပဲ၊ ရှိုက်သံကိုမျက်ရည်စနဲ့ရောပြီး ကင်းဗတ်စပေါ် တင်လိုက်တဲ့အခါ ပန်းချီကားတစ်ခုလုံးရွဲရွဲစိုသွား၊ အဝေးကြီးကို ငေးရီ ကြည့်နေတဲ့မျက်လုံးဟာ ဘယ်တော့မှ မတောက်ပဘူး၊ မလှုပဘူး။ ခွဲသူကခွဲခွာ ကျန်သူက ကျန်ရစ်၊ ''ဘယ်တော့များမှ'' ဆိုတဲ့မေးခွန်း တွေသာ နေရာနဲ့မဆန့်မပြဲ ပွစာကြဲလို့။

ကျွန်တော်မျက်လုံးမှိတ်လိုက်တယ်။

ရထားကြီးပျောက်သွားတယ်။

ကျွန်တော်(အငယ်)လည်း ပျောက်သွားတယ်။

ချန်ရစ်ဖူးသူနဲ့ ကျန်ရစ်ဖူးသူတို့ကြားက ဒိုင်မေးရှင်းတွေ ပေါ်လာတယ်။ သက္ကရာဇ်တွေ . . သက္ကရာဇ်တွေ တလှစ်လှစ်ပြေးသွား တာမြင်ရတယ်။ မြန်လိုက်တာ။ ဘယ်လိုစိတ်ခွန်အားနဲ့ချန်ထားရစ်နိုင် ခဲ့ကြသလဲ။ ကျန်ရစ်ခဲ့ကြတဲ့

နှလုံးသားတွေခများ ဘယ်လိုရှိကြရှာမလဲ။ ''ဘယ်တော့များမှ'' မေးခွန်းတွေ ဘယ်တော့များမှ အဆုံးသတ်သွား ကြမှာလဲ။ တလက်လက် တရွှဲရွှဲ ပုလဲလုံးတွေအတွက် အစတေးခံလိုက် ရတဲ့ ကမာကောင်တွေကို ဘယ်သူသတိရဖူးသလဲ။ ပိတ်ထားတဲ့ မျက်ခွံအောက်မှာ မေးခွန်းတွေချည်းပဲ ဝဲလှည့်နေတာနဲ့ မျက်လုံးပြန်ဖွင့် လိုက်တော့ ကျွန်တော့်ကိုယ်ကျွန်တော် မန္တလေးအဆန်ရထားပေါ်မှာ တွေ့လိုက်တယ်။ ကျွန်တော်က ကျွန်တော်(အကြီး)ကို တွေ့တာပါ။ လက်ထဲမှာ စာအုပ်တစ်အုပ်။ ရထားတွဲပေါ်မှာ တစ်ညစာလိုက်ငှားနေ တဲ့ မဂ္ဂဇင်းတွေထဲက တစ်အုပ်ပေါ့။

သူ (ကျွန်တော်(အကြီး) )ဟာ ၂၀၀၅ခု၊မတ်လထုတ်၊ ရုပ်ရှင် သစ္စာမဂ္ဂဇင်း၊ အမှတ်(၂၇၂)စာအုပ်ထဲက ကဗျာတွေကို ဖတ်နေတယ်။ အဲဒီကဗျာတွေထဲက ''လက်ျာဝင်း''ရဲ့ ''ကျန်ရစ်သူ''ကဗျာကိုဖတ်ပြီးတဲ့ အခါ ကျန်တာတွေကို သူဆက်မဖတ်တော့ဘူး။ မဟုတ်ဘူး။ ဖတ်သေးတယ်။ အဲဒီကဗျာကိုပဲဆက်ဖတ်တယ်။ တစ်ခေါက်။ နှစ်ခေါက်။ သုံးခေါက်။ ထပ်ဖတ်ပြန်တယ်။ တစ်ပိုဒ်ချင်းစီ။ နောက်တော့ စာအုပ်ကို ရင်ဘတ်ပေါ်တင်ပြီး သူ့မျက်လုံးကို မှိတ်လိုက်တယ်။ သူ့မျက်လုံးထဲမှာ ကျွန်တော်(အငယ်ကောင်) ထပ်ပေါ်လာတယ်။ သံကိုသံချင်းပွတ်တိုက် သံတွေ ကျယ်လောင်လာလိုက်တာ။ အမှောင်တွေကလည်း ဘာမှကို တိုးမပေါက်လောက်အောင် ပိန်းပိတ်လို့။

လူတွေ။ လူတွေ။ ပန်းပွင့်တွေ။ တိမ်တိုက်တွေ။ ကလေး မျက်ဝန်းလဲ့လဲ့တွေ။ သနပ်ခါးနံ့တွေ။ သစ်တောညို့ညို့တွေ။ တောင်တန်း မြင့်မြင့်တွေ။ တိမ်ထူထူတွေ။ မိုးသားအလိပ်လိပ်တွေ။ သံယောဇဉ် ကြိုးတွေ။ တာဝန်ရှိခြင်းနဲ့ တာဝန်သိခြင်းတွေ။ ဆီပြားမပါတဲ့ဟင်းလျာ တွေ။ ကျောင်းလွယ်အိပ်လေးလေးကြီးတွေ။ ဆံပင်ဖြူဖြူတွေ။ ပါဝါ မျက်မှန်တွေ။ ရေစီးသံတွေ။ မရပ်မနားပေါ်လာတယ်။ ပေါ်နေတယ်။ သူ မျက်လုံးပြန်ဖွင့်တယ်။ ကဗျာဆက်ဖတ်တယ်။ ဆက်ဖတ်ဖို့ကြိုးစား တယ်။ မရတော့ဘူး။ ဖတ်လို့မရတော့ဘူး။ ကဗျာက သူ့ကိုပြန်ဖတ် သွားတယ်။ အသံတွေက သူ့ကိုပြန်ဖတ်တယ်။ အတိတ်မြင်ကွင်းတွေက သူ့ကိုဖတ်တယ်။ အမှောင်တွေက သူ့ကိုဖတ်တယ်။ သူကိုယ်တိုင်က သူ့ကိုပြန်ဖတ်သွားတော့တယ်။ အကြိမ်ကြိမ်။

(၂)

*ခြံဝက ဘောစကိုင်းတွေ*
*အရိပ်တောင်ရနေပါပကော*
*အိမ်ရှေ့မြောင်းထဲ*
*ကန်စွန်းနွယ်တို့*
*အလွမ်းသယ်ခဲ့ကြတာ*
*တစ်နွေပြီးတစ်နွေ။*

ဘောစကိုင်းပင်ဟာ တစ်နှစ်ကိုအရပ်ဘယ်လောက်ရှည်ထွက် တတ်ပါသလဲ။ ဘောစကိုင်းတစ်ပင်ဆီကအရိပ်ရဖို့ နှစ်တွေဘယ်လောက် စောင့်ဆိုင်းရပါသလဲ။ အချိန်တွေက ခါးလျားရှည်လွန်းလိုက်တာ။ စောင့်ဆိုင်းနေရသူအတွက်။ ကွဲကွာခြင်းဝေဒနာကိုခံစားနေရသူတွေ အတွက်တော့ ပုံမှန်ထက်ကို ပိုရှည်လျားနေလိမ့်မယ်။ ''ကြာခဲ့ပြီပဲ'' ဆိုတဲ့တစ်ကိုယ်ရေညည်းညူသံမှာစိတ်မသက်သာစရာတွေဘယ်လောက် တောင်များ ပါဝင်နေလိမ့်မလဲ။

အိမ်ရှေ့မြောင်းထဲက ကန်စွန်းနွယ်တွေ အလွမ်းသယ်ခဲ့ကြတာ တစ်နွေပြီးတစ်နွေတဲ့။ အဲဒီဝါကျကိုဖတ်ရတာ အလွမ်းပြဇာတ်တစ်ပုဒ် ရဲ့ အဖွင့်ကိုကြည့်မြင်ခွင့်ရလိုက်သလိုပဲ။

အိမ်ရှေ့မှာ ရေမြောင်းကလေးရှိသတဲ့။

ဒါဆို ကဗျာထဲက အိမ်ကလေးဟာ ဝင်ဒါမီယာမှာမဖြစ်နိုင် ဘူး။ လုံးချင်းအိမ်ယာနဲ့ ကွန်ဒိုတိုက်ခန်းမဖြစ်နိုင်ဘူး။ သာမန်အရပ်သူ အရပ်သားတွေနေတဲ့ (မြို့အစွန်ကရပ်ကွက်လေးတစ်ခုမှာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့) ရပ်ကွက်လေးတစ်ခုထဲက အိမ်ကလေးပဲဖြစ်မှာပေါ့။ အိမ်ကလေးရဲ့ မိသားစုဝင်တွေဟာ ဒီမြောင်းလေးထဲက ကန်းစွန်းနွယ် တွေကိုသာ အဓိကအဟာရအဖြစ် ဘယ်လောက်တောင်များ မှီခိုအား ထားခဲ့ရပါသလဲလို့ တွေးနေမိတယ်။ အိမ်ရှင်နဲ့ နေ့တစ်ဓူဝထိတွေ့ ဆက်ဆံနေရတဲ့ ကန်စွန်းနွယ်လေးတွေဟာ သူတို့မတွေ့မြင်ရတာ ကြာပြီဖြစ်တဲ့ အိမ်ရှင်ကိုလွမ်းနေလိုက်ကြတာ တစ်နွေပြီးတစ်နွေတဲ့။ တစ်နှစ်ပြီးတစ်နှစ်ဆိုတဲ့ ကာလအကြာကြီးကိုပြောချင်တာ၊ ပြချင်တာ နေမှာ။

ကဗျာရဲ့ ပထမပိုဒ်မှာတင်၊ ကျန်ရစ်သူ၊ ခွဲခွာသွားသူတွေနဲ့ ဖွဲ့တည်ထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို စိတ်ဝင်စားဘွယ်မြင်တွေ့လိုက်ရ ပါတယ်။

*မြောင်းကူးတံတားလေးပေါ့*
*သူ့သခင်ပြန်သည်အထိ*
*သူ့ကျန်းမာရေးက*
*စိတ်မှ စိတ်ချရပ့ါမလားလို့။*

ခုနက အိမ်ကလေးရဲ့ရှေ့မှာ ရေမြောင်းကလေးရှိမယ်။ အဲဒီ မြောင်းကို ဖြတ်ပြီးဆောက်ထားတဲ့ တံတားလေးတစ်စင်းရှိမယ်။ မြောင်းကူးတံတားလေးပေါ့။ ဒီတံတားလေးကို အိမ်ရှင်ကိုယ်တိုင် ဆောက်လုပ်ထားခဲ့တာလည်းဖြစ်နိုင်တာပဲ။ ဘယ်လိုတံတားမျိုးလေး ပါလိမ့်။ ခနော်နီခနော်နဲ့ သစ်သားတံတားလေးလား။ ဝါးတွေကို ဟိုတစ်ချောင်းဒီတစ်ချောင်း ပြီးစလွယ်စုချည်ထားတဲ့ တံတားမျိုးလား။ တံတားမှာ သူ့သခင်ရှိခဲ့တယ်။ သခင်ဟာ သူ့ကိုယ်ပေါ်မှာ နေ့နေ့ညည ဖြတ်ကူးခဲ့ဖူးတယ်။ တစ်ခါတစ်ရံ၊ အလေးအပင်တွေ သယ်မ, လာတဲ့ အခါမျိုးမှာဆို

လက်ရမ်းကိုတင်းတင်းဆုပ်၊ ဖြည်းဖြည်းချင်းလှမ်းလို့။ တစ်ချို့ရက်တွေမှာတော့ ကဗျာကသီ ကသုတ်ကယက် ခပ်သုတ်သုတ် ဖြတ်ကူးလို့။ တစ်ခါတစ်လေမှာ ဇနီးသည်ကိုလက်ကဆွဲ အေးအေးလူလူ လျှောက်လှမ်းလို့။

ကြာခဲ့ပြီ။ အဲဒီရက်တွေကြာခဲ့ပြီ။ သူ့သခင်ဟာ တံတားလေးရဲ့ ကျောပေါ် ဖြတ်မနင်းခဲ့တာကြာလှပါပြီ။ သခင်နဲ့သူ ကင်းကွာခဲ့တာ ရာသီအလီလီရှိပေ့ါ။ နှစ်လတွေညောင်းလှပေ့ါ။ ခုဆို တံတားလေးတောင် အိုမင်းစပြုနေပြီ။ အသက်ကြီးလာတဲ့တံတားအိုလေးဟာ ကျန်းမာရေး လည်း ချူချာလာပြီ။ သူ (တံတားအိုလေး)ဟာ သခင်ကိုလွမ်းနေရဲ့။ တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ သခင်ပြန်လာကောင်းရဲ့လို့ မျှော်နေရှာ တယ်။ သခင်ဘယ်တော့များမှပြန်လာမလဲ။ ချူချာလာတဲ့ကျန်းမာရေးက သခင်ပြန်လာတဲ့အထိ သူ့ကို အသက်ရှင်နေထိုင်ခွင့်ပြုမှာ သေချာရဲ့လား။ ရာသီအမျိုးမျိုးက သူ့ကိုတတိတိတိုက်စားနေတဲ့ကြားထဲမှာ တံတားအို လေးဟာ သူ့သခင်ကိုမျှော်လင့် ကြီးစွာစောင့်နေရှာတယ်။

ကဗျာထဲမှာ မြောင်းကူးတံတားလေးဟာ ဇာတ်ကောင် တစ်ကောင်အဖြစ်ပါဝင်လာခဲ့ပြီး၊ ဟောဒီအိမ်လေးမှာ လွန်ခဲ့တဲ့နှစ်ပေါင်း များစွာကတည်းက သူ့ကိုစွန့်ခွာသွားခဲ့သူတစ်ဦးရှိခဲ့ဖူးကြောင်း ပြောပြ လာခဲ့ပါတယ်။

*အုန်းပင်လေးကတော့*
*သူ သီးပွင့်တွေ ဝေမြိုင်လာတဲ့အခါ*
*ဥယျာဉ်မှူးရှိမနေမှာဘဲ စိုးသတဲ့။*

စွန့်ခွာသူဟာ၊ သူရှိစဉ်က ဒီအုန်းပင်လေးကို ပျိုးခဲ့ပုံရပါတယ်။ မြေတူးခဲ့မယ်။ ရေလောင်းပေါင်းသင်ခဲ့လိမ့်မယ်။ တိရိစ္ဆာန်ရန်က ကင်းအောင် အပင်ပေါက်လေးကို ခြံခတ်ပြီး အကာကွယ်ပေးကောင်း ပေးခဲ့လိမ့်မယ်။ ခုတော့၊ ဒီအပင်လေးဟာ သီးချိန်တန်ခဲ့ပြီ။ အုန်းပင် လေးခမျာ သီးပွင့်ချိန်တန်သည်အထိ ပြုစုကာကွယ်စောင့်ရှောက်မယ့် သူမရှိဘဲ နှစ်ပေါင်းဘယ်လောက်ကြာအောင်ဖြတ်သန်းခဲ့ရပါသလဲ။ ဘာပဲ ဖြစ်ဖြစ် အုန်းပင်လေးခမျာတော့ ဒီအရွယ်ရောက်သည်အထိ ‘ပျိုးလက်’ ကိုတမ်းတစွာလွမ်းနေဆဲ။ သူ့အသီးတွေဝေတဲ့အခါ သူ့သခင်ကိုရှိစေ ချင်တဲ့စိတ်ကလေးကိုက လွမ်းစရာကောင်းလိုက်တာ။

စွန့်ခွာသွားသူနဲ့ပတ်သက်သမျှတွေကတော့ အဲဒီလူကို လွမ်းတမ်းတတ စောင့်မျှော်နေကြတယ်။ သူတို့သခင် အိမ်ပြန်ချိန်ကို ပေ့ါ။ ပြည်တော်ဝင်ချိန်ကိုပေ့ါ။ ဒါဆို ဒီလူဟာ အားလုံးရဲ့ချစ်ခင်လေးစား ခြင်းကို ခံရတဲ့ လူကောင်းလူမွန်တစ်ယောက်၊ ချစ်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်မှာပေ့ါ။ ဘာရယ်မသိသေးပေမယ့် စိတ်ဝင်စားဖို့ ကောင်းလှတဲ့ဇာတ်လမ်းဖြစ်စဉ်လေးကတော့ ခေါင်းထဲမှာ တလက်လက် နဲ့ လူးလွန့်လာနေပါတော့တယ်။

*ရင်သွေးငယ်လေးရဲ့ ပညာရေးမှတ်တမ်းမှာ*
*နောက်ထပ်*
*လက်မှတ် ဘယ်နှစ်ခါထိုးရဦးမှာလဲ။*

စွန့်ခွာသွားသူဟာ ပျိုရွယ်တဲ့ အိမ်ထောင်ရှင်၊ အိမ်ထောင် ဦးစီးတစ်ယောက်ဖြစ်ခဲ့တာ နည်းနည်းရုပ်လုံးပေါ်လာပါပြီ။ ‘‘ခြံဝမှာ ဘောစကိုင်းပင်တွေ အရိပ်တောင်ရနေပါပကော’’ လို့ တစ်ကိုယ်တည်း တမ်းတမ်းတတတီးတိုးပြောခဲ့သူဟာလည်း ရင်သွေးငယ်တစ်ဦးရဲ့မိခင် ဖြစ်ကြောင်း ရိုးတိုးရိတ်တိတ်ပေါ်လာပါတယ်။ အများအားဖြင့်တော့ ကလေးပညာရေးမှတ်တမ်းစာအုပ်ရဲ့ မိဘလက်မှတ်နေရာမှာ အိမ်ထောင် ဦးစီးဖြစ်တဲ့ အဖေတွေကသာ လက်မှတ်ထိုးပေးလေ့ရှိတယ်။ အဖေမရှိမှ အဖေ့ကိုယ်စား အမေက လက်မှတ်ထိုးပေးလေ့ရှိကြတာကိုး။ ဒီကဗျာ ထဲမှာတော့ ရင်သွေးလေးရဲ့ပညာရည်မှတ်တမ်းစာအုပ်မှာ စွန့်ခွာသွားသူ ခင်ပွန်းသည်ကိုယ်စား မိခင်ကလက်မှတ်ထိုးပေးနေရတာအကြိမ်ပေါင်းများ စွာရှိရော့မယ်။ သူပင်ပန်းလွန်းလှပါပြီ။ ကလေးအဖေကိုယ်တိုင်ကို လက်မှတ်ထိုးစေချင်လှပါပြီ။ ‘‘ရင်သွေးငယ်ရဲ့ပညာရေးမှတ်တမ်းမှာ နောက်ထပ် လက်မှတ်ဘယ်နှစ်ခါထိုးရဦးမလဲ’’တဲ့။ မောဟိုက်နွမ်းနယ် နေတဲ့ အိမ်ထောင်ဦးစီးမဲ့ မိခင်တစ်ယောက်ရဲ့ တမ်းတစကားမေးခွန်း တစ်ခုဟာ ဇာတ်ကိုပိုအရှိန်မြင့်စေခဲ့ပါတော့တယ်။

*ခနီတွေ ပိုးဖေါက်ကို*
*မိုးပေါက်ပေါက်ယိုလေတိုင်း*
*ခေါးကိုသာ နာနာဖိသွေးရ*
*မုဆိုးမအိမ်မှ မဟုတ်ဘဲလေ။*

ခနီတွေကိုပိုးဖေါက်လို့ မိုးပေါက်ပေါက်ယိုတဲ့အခါ၊ အားကိုးစရာ လင်သားမရှိဘဲ မိန်းမတစ်ယောက်တည်းရုန်းကန်နေရတဲ့ နှစ်ရှည်လများ ရက်စွဲများကို အားနာနေမိပါတော့တယ်။

ဘာလို့လင်သားမရှိတာလဲ။

ဆုံးပါးသွားလို့မရှိတာမဟုတ်ပါဘူး။ ချန်ရစ်ခံထားခဲ့ရလို့ မရှိတာပါ။ သူ ကျန်နေရစ်ခဲ့ရလို့မရှိတာဖြစ်ကြောင်း ‘‘မုဆိုးမအိမ်မှ မဟုတ်ဘဲလေ’’ ဆိုတဲ့စာကြောင်းနဲ့ဖေါ်ပြခဲ့ပါတယ်။ ခေါးတုံးတုံးတွေကို မုဆိုးမအိမ်ကခေါးလို့ ကျွန်တော်တို့တင်စားနေကြမဟုတ်လား။ ကဗျာထဲက ကျန်ရစ်သူအမျိုးသမီးကတော့ အဲသလိုကိုအပြောမခံနိုင်လို့၊ သူ့ခေါးကို အမြဲထက်နေအောင်နာနာသွေးနေရကြောင်းပြောလိုက်ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး အမှီအတွယ်မဲ့ရပ်တည်နေရခြင်း၊ ရုန်းကန်နေရ ခြင်းတွေနဲ့အတူ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်နေတဲ့ ထက်မြက်တဲ့ မိန်းမတစ်ယောက်ရဲ့ မာနကို လှစ်ခနဲမြင်ရအောင် အတိုဆုံးဖွဲ့ပြလိုက် တာပါပဲ။

*ကမ်းရှာသူရေ*
*လေကောင်းလေသန့်တွေ ရှဲအိနေတဲ့*
*သံလွင်ပင်များနဲ့ ကမ်းခြေ*
*အမြန်ဆုံး သက်ဆင်းနိုင်ပါစေ။ ။*

''ကမ်းရှာသူရေ . . '' ဆိုတဲ့ ကျနိရစ်ခဲ့သူရဲ့ တမ်းတရေရွတ် ခြင်းမှာ အနက်အဓိပ္ပါယ်တွေများလွန်းလှပါတယ်။ ''ကမ်း''ဟာ ပန်းတိုင် ဖြစ်တယ်။ အောင်ပွဲဖြစ်တယ်။ ခရီးဆုံးဖြစ်တယ်။ မျှော်လင့်ချက်ဖြစ်တယ်။ တစ်ဘဝလုံးရင်းခဲ့ပြီးမှ ပြန်ရလာတဲ့ ရတနာဖြစ်မယ်။ စောင့်ဆိုင်းခဲ့ရပြီး တဲ့နေ့ရက်ရှည်များရဲ့ အလင်းဝိညာဉ်ဖြစ်တယ်။ လူတစ်ယောက်ရဲ့ မိသားတစ်စုရဲ့၊ ဒါမှမဟုတ်၊ လူတွေအများကြီးရဲ့ အရာရာဖြစ်မယ်။

ကျနိရစ်ခဲ့သူက အဲဒီ'ကမ်း'ကို ဘယ်လို'ကမ်း'မျိုးဖြစ်စေချင် ပါသလဲ။

''လေကောင်းလေသန့်တွေ ရှဲအိနေတဲ့၊ သံလွင်ပင်များနဲ့ ကမ်းခြေ'' တဲ့။ ဒီစာတစ်ကြောင်းက ရင်ထဲမှာအလင်းဓာတ်ရသွား စေခဲ့တယ်။ အသက်ရှူလို့ ဝသွားတယ်။ မွန်းကြပ်ပင်ပန်းခဲ့သမျှ ပြေပျောက်သွားတယ်။ ချက်ချင်းလိုလိုပဲ၊ ခရီးကြမ်းကို အပန်းတကြီး ဖြတ်သန်းခဲ့ပြီး စိတ်ချလုံခြုံရာကမ်းခြေမှာ ဆိုက်ကပ်နိုင်ခဲ့တဲ့ လှေတစ်စီး ဖြစ်သွားတယ်။ တစ်ကိုယ်လုံးမှာ အပျော်တွေလျှံတက်လာတယ်။

ကိုယ့်ကိုယ်ကို ကမန်းကတန်းပြန်ကြည့်မိတယ်။

အော် . . ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က အဆန်ရထား နဲ့ခရီးထွက်ခဲ့တဲ့ ကျွန်တော်(အငယ်)ဟာ အတော်အိုနေပြီပဲ။

သူ (ကျွန်တော်အငယ်) ကမ်းကပ်ခွင့်ကြုံခဲ့ပါသလား။

လေကောင်းလေသန့်တွေနဲ့ ရှဲအိနေတဲ့၊ အောင်မြင်ခြင်း သင်္ကေတ သံလွင်ပင်များကမ်းလုံးပြည့်နေတဲ့ဒေသကို ရောက်ဖူးခဲ့ပါ သလား။

ခေါင်းမှာ ဆံပင်တွေမရှိတော့ဘဲ ပြောင်ချော်ချော်အရေပြား တစ်ချပ်ကိုသာ ဦးထုပ်လိုဆောင်းထားတဲ့ မှုန်ဝေဝေကျွန်တော့်မျက်လုံး တွေက ကျွန်တော့်ကို ငေးရီကြည့်နေကြ။

အဲဒီခဏလေးမှာ ဒီ ''ကျနိရစ်သူ''ကဗျာကိုရေးဖွဲ့ခဲ့တဲ့၊ ကဗျာ ဆရာ ''လက်ျာဝင်း''ကို အဲဒီကဗျာအတွက် ကျွန်တော်မုန်းတီးသွားမိ ပါသလား။ သိပ်ကိုကျေးဇူးတင်လိုက်မိပါသလား။ ကိုယ့်ဖာသာ အသေ အချာ မသိတော့။

သိပ်သေချာတာကတော့ ''ကျနိရစ်သူ''ကဗျာဟာ ကျွန်တော့်အတွက်တော့ သိပ်ကိုခံစားရလွန်းတယ်။

'လေးဖြူ'ကိုမုန်းတယ်။'သော်ဒီဝေ'ကိုမုန်းတယ်။ 'အလင်းရောင်' သီချင်းကိုမုန်းတယ်။

ကျွန်တော် ဘာ့ကြောင့်မုန်းလဲ။

ဒီသီချင်းကို ခင်ဗျားတို့ပဲနားထောင်ကြည့်လိုက်ကြပါဦး။ ပါဝါ အားကြီးလွန်းတဲ့အသံနဲ့ မုန်းစရာကောင်းလွန်းအောင် လှပအားရှိတဲ့ စကားလုံးတွေ။

***''မျှော်လင့်ထားရခြင်း***
***ရင်မှာရှုးသွပ်ဆဲ***
***အလင်းရောင်***
***ရင်ခုန်သံတွေနီးစပ်ပါရစေအချစ်ရေ***
***ဒီကံကြမ္မာအမှောင်တွေကို ကြောက်ရွံ့နေဆဲ***
***နေရောင်ခြည် မနက်ခင်းကို ရောက်မယ်***
***အကြင်နာရင်မှာလေ ကိုယ့်ရဲ့လမင်း (အလင်းရောင်)***
***ရင်ခုန်သံတွေစာနာပါကွယ်ချစ်သူ***
***အလင်းရောင်***
***သန်းခေါင်ယံညနက်ထဲ***
***ဒဏ်ရာများနဲ့ အိပ်စက်***
***အလင်းရောင်''***

နားထဲမှာ ''အလင်းရောင် . . . . . အလင်းရောင်''ဆိုတဲ့ အသံတွေချည်းကြားနေတယ်။ ကျွန်တော့်ရထားကြီး ဘယ်အရပ်ဆီသွား နေပါလိမ့်။ မှောင်ချည်းမည်းမည်းမှာ သံကိုသံချင်းပွတ်သံတွေကို ပဲကြားနေရတယ်။ လှုပ်ခါယိမ်းထိုးမှုတွေကိုပဲ ခံစားနေရတယ်။ ဒါပေမယ့် ကျွန်တော်တို့ခရီးသွားနေတယ်။ ရထားကြီးက သူ့အလုပ်သူလုပ်လို့၊ ကျွန်တော်တို့က ရထားကြီးပေါ်မှာလိုက်ပါလို့၊ တစ်ချိန်ချိန်မှာ ကျွန်တော် (အကြီးရောအငယ်ပါ) ပျောက်ကွယ်သွားလိမ့်မယ်။ သွားနေတဲ့ရထား ကြီးလဲဘူတာဆိုက်ရောက် ရပ်တန့်သွားလိမ့်မယ်။ မှောင်နေတဲ့ညကို အလင်းနေ့က အစားထိုးဝင်ရောက်လာလိမ့်မယ်။

''ကျနိရစ်သူ''ကဗျာကိုဖတ်ရလို့ခံစားခဲ့ရတဲ့ ရှုတခါးသက် လွမ်းမောခြင်းအနာသာ ဘယ်အချိန်အထိ ကျွန်တော့်ရင်ထဲမှာ ထင်းထင်းကြီး ပါနေမှာပါလိမ့်။

ငြိမ်းအေးအိမ်
၂၀၀၅ ဧပြီလ (၁၉)ရက်